# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၂) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၅ |
| ၂။ | ရှပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း။ | ၆-၈ |
| ၃။ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၂၄ နှင့် စပ်လျဉ်းသည့်သတင်းစဉ်။ | ၉ |
| ၄။ | ပြည်တွင်းတွင်ထုတ်လုပ်သောပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့်သတင်းစဉ်။ | ၁၀-၁၁ |
| ၅။ | ဥရောပသမဂ္ဂမှ နုတ်ထွက်ခြင်းကြောင့် ဗြိတိန်နိုင်ငံ၏ ကုန်ကျစရိတ်ကြီးမြင့်လာမှု။ | ၁၂-၁၃ |
| ၆။ | အမေရိကန်အမြင့်ဆုံးတရားရုံးသည် TikTok အား တားမြစ်ပိတ်ပင်ခြင်းနှင့်စပ်လျဉ်း၍ ကြားနာမည်ဖြစ်ခြင်း။ | ၁၄-၁၇ |
| ၇။ | အီရန်နိုင်ငံတွင် အမျိုးသမီးများအားကွပ်မျက်မှုသည် ၁၇နှစ်အတွင်းအမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားခြင်း။ | ၁၈-၁၉ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၂) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်

## မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေ၊ စည်ပင်သာယာရေးဥပဒေများစိစစ်မှုဦးဆောင်ကော်မတီဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကထုတ်ပြန်သည့် လက်ခံစားအပ်ကုန်စနစ်ဖြင့် ပြည်ပမှတင်သွင်းသည့်ကုန်ကြမ်းပစ္စည်းများနှင့်ထုပ်ပိုးပစ္စည်းများအပေါ် အကောက်ခွန်အားလုံးကို ကင်းလွတ်ခွင့်ပြုခြင်း အမိန့်ကြော်ငြာစာ၊ အကောက်ခွန်ဦးစီးဌာနကထုတ်ပြန်သည့် ဒဏ်ကြေးငွေသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၁-၁-၂၀၂၅ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁/၂၀၂၅ ဖြင့် ဆိုက်ဘာလုံခြုံရေးဥပဒေကို ထုတ်ပြန်ခဲ့ပြီး ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင်စတင်အာဏာတည်စေရမည် ဖြစ်ကြောင်း သိရှိရပါသည်။

မည်သူမဆို ဆိုက်ဘာလုံခြုံရေးဥပဒေအရ ပြည်တွင်းတွင်ဖြစ်စေ၊ နိုင်ငံတော်၏တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသောရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်သည့်ပြစ်မှုများ၊ အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ၊ အမျိုးသားဆိုက်ဘာနယ်ပယ်နှင့် ချိတ်ဆက်နေသော အခြားဆိုက်ဘာနယ်ပယ်တစ်ခုခု၌ဖြစ်စေ ကျူးလွန်သည့်ပြစ်မှုများကို ဤဥပဒေအရစီရင်ပိုင်ခွင့်ရှိကြောင်းနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေအရအရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်အား ပြည်ပရောက် မြန်မာနိုင်ငံသားကကျူးလွန်ပါကလည်း ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိကြောင်း သိရှိရပါသည်။

ဆိုက်ဘာလုံခြုံရေးဥပဒေအရတရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၆၀၊ ၆၂၊ ၆၄၊ ၆၆၊ ၆၈၊ ၇၁ နှင့် ၇၂ ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်ကြောင်း တွေ့ရှိရပါသည်။

ဆိုက်ဘာအရင်းအမြစ်၊ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများနှင့် အီလက်ထရောနစ်သတင်းအချက်အလက်များအား လုံခြုံစိတ်ချစွာအသုံးပြုနိုင်ရန်၊ အီလက်ထရောနစ်နည်းပညာများအသုံးပြု၍ ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့်တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆိုက်ဘာမှုခင်းများကို ထိရောက်စွာ စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်၊ ဆိုက်ဘာအရင်းအမြစ်ကိုအခြေခံသော ဒီဂျစ်တယ်စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ဆိုက်ဘာလုံခြုံရေးဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

ဤဥပဒေပါကိစ္စရပ်များကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါက ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်သူသည် ပြည်ပတွင်ကျူးလွန်သည့် နိုင်ငံခြားသားဖြစ်ပါက တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

မည်သူမဆို ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်မရှိဘဲဆောင်ရွက်ပါက အနည်းဆုံးတစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သောသက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူသည်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သောသက်သေခံပစ္စည်းများကိုနိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှု

လုပ်ငန်းကိုလိုင်စင်သက်တမ်းတိုးခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်ပါက အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံတော်အတွင်းအသုံးပြုသူဦးရေ တစ်သိန်းနှင့်အထက်ရှိသော ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် မှတ်ပုံတင်ခြင်းမရှိဘဲ ဆောင်ရွက်ပါက အနည်းဆုံးကျပ်သိန်းတစ်ထောင်အောက်မလျော့သော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သောသက်သေခံပစ္စည်းများကိုနိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်းနှင့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို မှတ်ပုံတင်သက်တမ်းတိုးခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်ပါက အနည်းဆုံးကျပ်သိန်းငါးရာအောက်မလျော့သော ငွေဒဏ်ချမှတ်ရမည်ဖြစ်ကြောင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

မည်သူမဆို ဝန်ကြီးဌာန၏ခွင့်ပြုချက်ကိုရယူခြင်းမရှိဘဲ ဗီပီအန်ကိုထူထောင်ခြင်း သို့မဟုတ် ဗီပီအန်ဝန်ဆောင်မှုပေးခြင်းပြုလုပ်ပါက အနည်းဆုံးတစ်လမှအများဆုံးခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သောသက်သေခံပစ္စည်းများကိုနိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူသည်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သောသက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့အတူ မည်သူမဆိုခွင့်ပြုချက်မရှိဘဲ အွန်လိုင်းလောင်းကစားစနစ်တည်ဆောက်ခြင်းပြုလုပ်ပါက အနည်းဆုံး ခြောက်လမှအများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည့်အပြင် သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်ဖြစ်ပြီး ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းနှစ်ရာအောက်

မနည်းသောငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သောသက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပါသည်။

မည်သူမဆို အများပြည်သူကြည့်ရှုခြင်းငှာ မသင့်လျော်သော သတင်းအချက်အလက်များကို အီလက်ထရောနစ်နည်းပညာဖြင့် ဖြန့်ချိခြင်း၊ ဖြန့်ဝေခြင်း၊ ပေးပို့ခြင်း၊ ကူးယူစေခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်လမှအများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဆိုက်ဘာလုံခြုံရေးဥပဒေကို လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၃) အမှတ် (၂) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်

## ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းခြင်း

ရုပ်ရှင်ဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၉/၉၆ ဖြင့် ၂၀-၈-၁၉၉၆ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၉/၂၀၂၄ ဖြင့် ၂၀-၁၂-၂၀၂၄ ရက်နေ့တွင် ပြင်ဆင်ခဲ့ပါသည်။

ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ “ရုပ်ရှင်” အဓိပ္ပာယ်ဖွင့်ဆိုချက် နှင့် “ရုပ်ရှင်ကား” အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ပြောင်းလဲလာသည့်ခေတ်ကာလနှင့်လိုက်လျောညီထွေမှုရှိစေရန် ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ “မြန်မာ့ရုပ်ရှင်လုပ်ငန်း” အဓိပ္ပာယ်ဖွင့်ဆိုချက်ကို “ဦးစီးဌာန” အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြင့် အစားထိုးခြင်းတို့ပြုလုပ်ထားပြီး “ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်” ဆိုသည့်စကားရပ်ကို ဖြည့်စွက်အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ ရုပ်ရှင်လုပ်ငန်းလိုင်စင်ရယူရမည့်လုပ်ငန်းအမျိုးအစားများတွင် ရုပ်ရှင်သင်တန်းကျောင်းဖွင့်လှစ်ခြင်း၊ ရုပ်ရှင်ရိုက်ကူးရေးသုံးပစ္စည်းများငှားရမ်းခြင်း၊ ရုပ်ရှင်ထုတ်လုပ်ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်း၊ ရုပ်ရှင်စတူဒီယို(Studio)တည်ထောင်ခြင်း လုပ်ကိုင်ခြင်း၊ ရုပ်ရှင်ကား အရုပ်၊ အသံကူးပြောင်းမှုနှင့်အထူးပြုလုပ်ချက်များ ဆောင်ရွက်ခြင်း၊ အွန်လိုင်း(Online)ရုပ်ရှင်ရုံတည်ထောင်ခြင်း၊ အက်ပလီကေးရှင်းများ(Applications) အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း၊ အွန်လိုင်းပလက်ဖောင်းများ (Online Platforms)အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းတို့ကို ဖြည့်စွက်လိုက်ရာ ရုပ်ရှင်လုပ်ငန်းလိုင်စင်ရယူရမည့်လုပ်ငန်းအမျိုးအစား ၁၄ ခုအထိရှိလာပြီး ရုပ်ရှင်လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ယခင်က မြန်မာ့ရုပ်ရှင်လုပ်ငန်းအနေဖြင့်တိုက်ရိုက်ဆောင်ရွက်နိုင်သော်လည်း ယခုအခါ ဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာန၏အတည်ပြုချက်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

ထို့ပြင် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များက နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို ထိခိုက်စေရန် လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း သို့မဟုတ် ဟောပြောခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်အကြည်ညိုပျက်စေရန် ပြုမူပြောဆိုခြင်း၊ ကြေညာခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းကိုသော်လည်းကောင်း၊

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်ဆန့်ကျင်သော မည်သည့်လှုပ်ရှားမှုမျိုးမဆို ပါဝင်ပတ်သက်ခြင်းကိုသော်လည်းကောင်း ပြုလျှင် စီမံခန့်ခွဲရေးပြစ်ဒဏ်အနေဖြင့် သတိပေးခြင်း၊ ရုပ်ရှင်ကားထုတ်လုပ်ရာတွင် ပါဝင်လုပ်ကိုင်ခြင်းကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ကန့်သတ်တားမြစ်ခြင်း စသည့်အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်မည်ဖြစ်ပြီး ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရမည့်စည်းကမ်းချက်များကိုဖောက်ဖျက်ပါက အနည်းဆုံး ကျပ် ၅၀၀၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀၀၀ အထိ လည်းကောင်း၊ ရုပ်ရှင်ရုံလိုင်စင်ရရှိသူက လိုက်နာရမည့်စည်းကမ်းချက်များကိုဖောက်ဖျက်ပါက အနည်းဆုံး ကျပ် ၃၀၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀၀ အထိ လည်းကောင်း ချမှတ်ရမည်ဖြစ်ပါသည်။

ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ ရုပ်ရှင်ဆင်ဆာအဖွဲ့က ထုတ်ပေးသည့်ရုပ်ရှင်ဆင်ဆာလက်မှတ်ကို ရုပ်ရှင်ကားနှင့်အတူပြသရန် ပျက်ကွက်ခြင်း၊ ပြည်တွင်း၌ ရိုက်ကူးထားသည့် ရုပ်ရှင်ကားကို ရုပ်ရှင်ဆင်ဆာလက်မှတ်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပ၌ပြသခြင်း ပြုခြင်း၊ ရုပ်ရှင်ဆင်ဆာအဖွဲ့၏ဖြတ်တောက်ရန် သို့မဟုတ် ပြုပြင်ရန် ညွှန်ကြားချက်ကိုလိုက်နာခြင်း မပြုဘဲ ရုပ်ရှင်ကားကိုကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြသခြင်း နှင့် ရုပ်ရှင်ဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ နှင့် လုပ်ထုံးလုပ်နည်းများပါစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းတို့ကို အရေးယူ အပြစ်ပေးနိုင်မည်ဖြစ်ပြီး ရုပ်ရှင်လုပ်ငန်းလိုင်စင်မရှိဘဲ ပုဒ်မ ၄ ပါ လုပ်ငန်းအမျိုးအစားတစ်မျိုးမျိုးကို လုပ်ကိုင်ခြင်း၊ ရုပ်ရှင်ဆင်ဆာလက်မှတ်မရှိသော ရုပ်ရှင်ကားကိုပြသခြင်း ကျူးလွန်သည့်ပြစ်မှုများ အတွက် ပြစ်ဒဏ်များကိုတိုးမြှင့်ထားပြီး ယင်းပြစ်မှုများကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ယခင်ပြစ်ဒဏ်ထက်မြင့်မားသော ပြစ်ဒဏ်ချမှတ်နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ခွင့်အာဏာအပ်နှင်းခြင်းပြဋ္ဌာန်းချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) နှင့်ညီညွတ်မှုရှိစေရန် ပြင်ဆင်ခဲ့ပါသည်။

အထက်ဖော်ပြပါပြဋ္ဌာန်းချက်များမှလွဲ၍ ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပါကျန်ပြဋ္ဌာန်းချက်များသည် ပြင်ဆင်သည့်ဥပဒေနှင့်လိုက်လျောညီထွေမှုရှိစေရန် စကားရပ်အစားထိုးသည့် ပြဋ္ဌာန်းချက်များနှင့် ဥပဒေပုဒ်မများရောထွေးမှုမရှိစေရေး မူလပုဒ်မများကို ပြန်လည် အမှတ်စဉ်သည့်ပြဋ္ဌာန်းချက်များသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေသည် တိုးတက်ပြောင်းလဲလာသည့်ခေတ်ကာလလိုက်လျောညီထွေမှုရှိစေရန်၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် နိုင်ငံနှင့် လူမျိုးအကျိုးစီးပွားကိုထိခိုက်စေနိုင်သည့် ပြုမူ ပြောဆိုခြင်းမဖြစ်ပေါ်စေရေး ထိန်းကျောင်းနိုင်စေရန်နှင့် ပြည်ထောင်စုသမ္မမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)နှင့် ညီညွတ်မှုရှိစေရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ

ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၂၄ နှင့် စပ်လျဉ်းသည့် သတင်းစဉ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၁၄၊ ပုဒ်မခွဲ(ခ)အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၇ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၉၁/၂၀၂၄ ကို ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် တင်သွင်း၊တင်ပို့သည့်ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသည့် ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate)ကိုအခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် အခွန်စည်းကြပ်ကောက်ခံလျက်ရှိရာမှ ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate) အစား ဈေးကွက်ငွေလဲလှယ်နှုန်း (Market Trading Rate) ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် ပြောင်းလဲ၍ အခွန်စည်းကြပ်ကောက်ခံမည်ဖြစ်ကြောင်းနှင့် ယင်းအမိန့်ကြော်ငြာစာသည် ၁-၁-၂၀၂၅ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်တွင်းတွင်ထုတ်လုပ်သောပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြုခြင်းနှင့် စပ်လျဉ်းသည့်သတင်းစဉ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်တွင်းအရည်အသွေးမြင့်ထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ချဲ့ထွင်တင်ပို့ခြင်းဖြင့် ထုတ်လုပ်နိုင်စွမ်းကိုမြှင့်တင်ရန်၊ ပြည်ပဈေးကွက်ပိုမိုရရှိရန် နှင့်ထုတ်လုပ်သူများ၏ရောင်းဈေးပိုမိုရရှိစေရန် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင်အမိန့်ကြော်ငြာစာ အမှတ် ၉၃/၂၀၂၄ ဖြင့် သတ်မှတ်လိုက်ကြောင်းသိရှိရပါသည်။

အဆိုပါဝန်ကြီးဌာနသည် နိုင်ငံခြားကုမ္ပဏီများအား တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသည့် အသား၊ငါးနှင့်ရေထွက်ကုန်များ၊ ကောက်ပဲသီးနှံများ၊ ပျော့ဖတ်နှင့်စက္ကူအမျိုးမျိုး၊ မျိုးစေ့၊ သန့်စင်ထားသည့်သတ္တုရိုင်းများ၊ သစ်သီးဝလံ၊ ပန်းမန်ကုန်ကြမ်းတို့မှအဆင့်မြင့်ထုတ်လုပ်ထားသောတစ်ဝက် တစ်ပျက်ကုန်ချော သို့မဟုတ် ကုန်ချောပစ္စည်းများ၊ သစ်အခြေခံပရိဘောဂပစ္စည်းများနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုအထောက်အကူပြုကုန်စည်များကို ကိုယ်တိုင်ထုတ်လုပ်၍ဖြစ်စေ၊ ထုတ်လုပ်သူများထံမှတစ်ဆင့်ဝယ်ယူ၍ဖြစ်စေ ပြည်ပသို့ တင်ပို့ခွင့်ပြုကြောင်း သိရှိရပါသည်။

နိုင်ငံခြားကုမ္ပဏီများသည် အထက်ပါကုန်ပစ္စည်းအုပ်စု ၈ မျိုးကို ပြည်ပသို့တင်ပို့ရာတွင် တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသည့် အသား၊ငါးနှင့်ရေထွက်ကုန်များနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့၏ထောက်ခံချက်ဖြင့်လည်းကောင်း၊ ကောက်ပဲသီးနှံ များနှင့်စပ်လျဉ်း၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏သတ်မှတ်ချက်များနှင့်အညီ လည်းကောင်း၊ ပျော့ဖတ်နှင့်စက္ကူအမျိုးမျိုးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ၏လုပ်ထုံးလုပ်နည်း များနှင့်အညီလည်းကောင်း၊ မျိုးစေ့နှင့်စပ်လျဉ်း၍ မျိုးစေ့ဥပဒေ၊ စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ထုံး လုပ်နည်းများနှင့်အညီလည်းကောင်း၊ သန့်စင်ထားသည့်သတ္တုရိုင်းများနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်း ဥပဒေအရသက်ဆိုင်ရာဝန်ကြီးဌာန၏ထောက်ခံချက်ဖြင့်လည်းကောင်း၊ သစ်သီးဝလံ၊ ပန်းမန်ကုန်ကြမ်း တို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက်ကုန်ချော သို့မဟုတ် ကုန်ချောပစ္စည်းများနှင့်

စပ်လျဉ်း၍ အမျိုးသားအစားအသောက်ဥပဒေနှင့် သက်ဆိုင်ရာဌာနများ၏သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီလည်းကောင်း၊ သစ်အခြေခံပရိဘောဂပစ္စည်းများနှင့်စပ်လျဉ်း၍ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာန၏ထောက်ခံချက်များဖြင့်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အထောက်အကူပြုကုန်စည်များနှင့်စပ်လျဉ်း၍ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီလည်းကောင်း ဆောင်ရွက်ပြီး ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင်ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်းနှင့် ယခု အမိန့်ကြော်ငြာစာသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၆-၆-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၉ နှင့်၂၀-၇-၂၀၂၃ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၂၃ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ဥရောပသမဂ္ဂမှနုတ်ထွက်ခြင်းကြောင့် ဗြိတိန်နိုင်ငံ၏ကုန်ကျစရိတ်ကြီးမြင့်လာမှု

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂ၏တစ်ခုတည်းသော ဈေးကွက်နှင့်အကောက်ခွန်သမဂ္ဂမှ နုတ်ထွက်ခဲ့ရာ ထိုသို့နုတ်ထွက်ပြီးနောက် ပထမ နှစ် နှစ်အတွင်း ဒေါ်လာ ၃၄.၁ ဘီလီယံ ကုန်ကျခဲ့ကြောင်းနှင့် ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် အပြီးသတ်နုတ်ထွက်ပြီးနောက် ၂ နှစ်အတွက် ကုန်ကျမှုများအား ပျက်စီးယိုယွင်းနေသောကုန်သွယ်မှုဆိုင်ရာချိတ်ဆက်မှုများအဖြစ်သတ်မှတ်ကြောင်း သုတေသီများက ဆိုကြပါသည်။

ကုန်သွယ်မှုအစုအဖွဲ့မှ ဗြိတိန်နိုင်ငံ၏နုတ်ထွက်မှုကြောင့်ကုန်ကျစရိတ်သည် ကြီးမြင့်နေသော်လည်း အချို့သောခန့်မှန်းချက်များကဲ့သို့ ကုန်ကျစရိတ်မမြင့်မားကြောင်း သုတေသီများက ဖြည့်စွက်ပြောကြားကြပါသည်။

ဗြိတိန်နှင့် EU အကြား ကုန်သွယ်ရေးအတားအဆီးများပြန်လည်ဖြစ်ပေါ်ခြင်းကြောင့် အထူးသဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများထိခိုက်နစ်နာခဲ့ပြီး ထောင်ပေါင်းများစွာသော ဗြိတိန်ကုမ္ပဏီများသည် EU နှင့်ကုန်သွယ်မှုကိုရပ်တန့်ရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့ရာတွင် EU မှ ဗြိတိန်နိုင်ငံနုတ်ထွက်ခြင်းသည် ကြီးမားသောစီးပွားရေးလုပ်ငန်းများကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပြီး နုတ်ထွက်ခြင်းမပြုမီအဆင့်များ၌ ဆက်လက်ကုန်သွယ်မှုများပြုနေကြသည်။

ကုမ္ပဏီပေါင်း ၁၀၀,၀၀၀ ကျော်နှင့် ချိတ်ဆက်ဆောင်ရွက်ရသည့် ဗြိတိန်နိုင်ငံအကောက်ခွန်အေဂျင်စီ၏အချက်အလက်များကိုအခြေခံ၍ သုတေသီများက ကောက်ချက်ချခဲ့သည်မှာ ဗြိတိန်နှင့် EU တို့သည် ကုန်သွယ်မှုနှင့်ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် (The Trade and Cooperation Agreement -TCA)ကိုလက်မှတ်ရေးထိုးပြီးနောက် နှစ် နှစ်အကြာဖြစ်သည့် ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဗြိတိန်နိုင်ငံသည် ဥရောပသို့ကုန်ပစ္စည်းတင်ပို့မှု ၆.၄ ရာခိုင်နှုန်းလျော့ခဲ့ပြီး တင်သွင်းမှု ၃.၁ ရာခိုင်နှုန်းလျော့နည်းခဲ့သည်ဟု ဆိုကြသည်။

သွင်းကုန်နှင့် ပို့ကုန်နှစ်ရပ်လုံး ကျဆင်းမှုသည် ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း၊ ကုန်သွယ်မှုတွင် ၁၅ ရာခိုင်နှုန်းနှင့် နိုင်ငံ၏ဝင်ငွေ ၄ ရာခိုင်နှုန်းကျဆင်းဖွယ်ရှိကြောင်း ဗြိတိန်အစိုးရ၏လွတ်လပ်သော စီးပွားရေးရာခန့်မှန်းသောဌာနဖြစ်သည့်ရသုံးငွေစာရင်းတာဝန်ခံရုံးက ဆိုပါသည်။

၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ကုန်သွယ်မှုနှင့်ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် (TCA) သည် နိုင်ငံ၏ရသုံးငွေစာရင်းတာဝန်ခံရုံးက ခန့်မှန်းသည်ထက် ကုန်စည်ကူးသန်းရောင်းဝယ်မှု ထက်ဝက်ခန့်လျော့ကျသွားသည်ကိုတွေ့ရှိရကြောင်း The Guardian သတင်းစာက ဆိုသည်။

ဗြိတိန်နိုင်ငံနှင့် EU တို့သည် လာမည့်နှစ်များတွင် နှစ်ဖက်ကုန်သွယ်မှုပိုမိုလွယ်ကူစေရန် ကုန်သွယ်မှုနှင့်ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် (TCA) ကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ၂၀၂၅ ဇန်နဝါရီလတွင် စတင်ဆွေးနွေးရန် စီစဉ်ထားသည်။ လက်ရှိ TCA တွင် အပင်နှင့်တိရိစ္ဆာန်များ သယ်ဆောင်ရွှေ့ပြောင်းမှုအပေါ်စစ်ဆေးမှုများနှင့် အခွန်ကောက်ခံမှုအပါအဝင် အကောက်ခွန်စစ်ဆေးမှု နှင့်စာရွက်စာတမ်းဆိုင်ရာကိစ္စရပ်များ ပိုမိုဆောင်ရွက်ရခြင်းကဲ့သို့သော ကုန်သွယ်မှုဆိုင်ရာအတားအဆီး များပါဝင်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.chinadaily.com.cn/a/202412/20/WS6764d624a310f1265a1d4057.html

## အမေရိကန်အမြင့်ဆုံးတရားရုံးသည် TikTok အား တားမြစ်ပိတ်ပင်ခြင်းနှင့်စပ်လျဉ်း၍ ကြားနာမည်ဖြစ်ခြင်း

အမေရိကန်နိုင်ငံတရားရုံးချုပ်က ဆိုရှယ်မီဒီယာနှင့်သက်ဆိုင်သည့်ဥပဒေအပေါ် TikTok ၏ တရားရင်ဆိုင်မှုကို ဆုံးဖြတ်မည်ဖြစ်ကြောင်း ၁၈.၁၂.၂၀၂၄ ရက်နေ့တွင် ကြေညာခဲ့သည်။ အဆိုပါ ဥပဒေအရ လူသိများသော ဆိုရှယ်မီဒီယာပလက်ဖောင်းကို အမေရိကန်ကုမ္ပဏီတစ်ခုထံသို့ ရောင်းချရနိုင်ပြီး ထိုသို့မဆောင်ရွက်ပါက နိုင်ငံတစ်ဝန်းတွင် ပိတ်ပင်တားမြစ်ခြင်းခံရနိုင်ပါသည်။

အဆိုပါကြေညာချက်သည် TikTok မှနိုင်ငံ၏အမြင့်ဆုံးတရားရုံးသို့ အသနားခံစာတင်ပြီးနောက် နှစ်ရက်အကြာတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ စိန်ခေါ်မှုကို အဓိကဆောင်ရွက်ရန်မှာ ဥပဒေပြဋ္ဌာန်းရန်ဖြစ်ပြီး ယင်းဥပဒေမှာ အမေရိကန်နိုင်ငံသားများအား နိုင်ငံခြားရန်ဘက်များမှ ထိန်းချုပ်ထားမှုကို ကာကွယ်ခြင်းအက်ဥပဒေဟု ခေါ်ဆိုသောဥပဒေဖြစ်သည်။

ဥပဒေအား ကွန်ဂရက်လွှတ်တော်မှအတည်ပြုပြီး ဧပြီလတွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က လက်မှတ်ရေးထိုးခဲ့ပါသည်။ ဥပဒေတွင် TikTok ၏ တရုတ်မိခင်ကုမ္ပဏီဖြစ်သည့် Byte-Dance အား ၎င်း၏ပိုင်ဆိုင်မှုကို ရက်ပေါင်း ၂၇၀ အတွင်း ရုပ်သိမ်းရန် သို့မဟုတ် အသုံးပြုသူ သန်း ၁၇၀ ရှိသည့် အမေရိကန်ဈေးကွက်တွင် ပိတ်ပင်ခံရမှုကို ရင်ဆိုင်ရမည်ဖြစ်ကြောင်းတို့ ပါဝင်ပါသည်။

ဥပဒေအရ Google နှင့် Apple app stores တို့တွင် TikTok app အား အသုံးပြုခြင်းမှ တားမြစ်ထားပြီး web-hosting များအနေဖြင့် ယင်း platform အား ပံ့ပိုးမှုကို ရပ်တန့်ရန်ဖြစ်ပြီး မရပ်တန့်ပါက ဘဏ္ဍာရေးဆိုင်ရာအကျိုးဆက်များကို ရင်ဆိုင်ရဖွယ်ရှိနေပါသည်။

TikTok သည် တရားရေးဌာန၏စွဲဆိုမှုများကို အခြေအမြစ်မရှိဟု အခိုင်အမာပြောကြားခဲ့ပါသည်။ သုံးစွဲသူများ၏ဒေတာများကို တရုတ်အာဏာပိုင်များထံမျှဝေကြောင်း သို့မဟုတ် တရုတ်ဝါဒဖြန့်လမ်းစဉ်တစ်ခုအနေဖြင့်ဆောင်ရွက်ကြောင်း စွပ်စွဲချက်များကို ကုမ္ပဏီက ငြင်းဆိုခဲ့ပါသည်။

University of San Francisco နှင့် China Business Studies Initiative တွင် တာဝန်ထမ်းဆောင်နေသည့်အမှုဆောင်အရာရှိ Ker Gibbs က ဤနေရာတွင် ပိုကြီးမားသည့်ပြဿနာမှာ social media platforms များသည် သုံးစွဲသူများကို ကြိုးကိုင်ခြယ်လှယ်ခြင်းနှင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို အလွဲသုံးစားပြုလုပ်ခြင်းလုပ်ဆောင်နေပြီး ၎င်းတို့အားလုံးသည် မည်သည့်နေရာမှမဆို ပြုလုပ်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းက အခြေအနေအားလုံးသည် တရုတ်အား ဦးတည်နေကြောင်း၊ သို့သော် ကွန်ဂရက်သည် အမေရိကန်ပြည်သူများအသုံးပြုနေသည့် platforms အားလုံးကို ကြည့်သင့်သည်ဟု China Daily သို့ ပြောကြားခဲ့ပါသည်။

Gibbs က နိုင်ငံရေးဆိုင်ရာကိစ္စရပ်တစ်ခုအဖြစ် စဉ်းစားရန်ရှိကြောင်း၊ TikTok တွင် စီးပွားရေးလုပ်ငန်းအသေးစားများမှ ငွေများစွာရှာဖွေရရှိနေသဖြင့် ၎င်းတို့အနေဖြင့် အမေရိကန်က ပိတ်ပင်တားမြစ်ထားသည်ကိုမြင်လျှင် စိတ်မကောင်းဖြစ်ကြလိမ့်မည်ဟု ပြောကြားခဲ့ပါသည်။

မေလတွင် TikTok သည် အငြင်းပွားဖွယ်ရာဥပဒေကိုတားဆီးရန် အမေရိကန်အစိုးရအား တရားစွဲဆိုခဲ့ပါသည်။ အမေရိကန် Columbia Circuit ခရိုင်အယူခံတရားရုံးသည် အစိုးရ၏ အမျိုးသားလုံခြုံရေးဆိုင်ရာတင်ပြချက်များမှန်ကန်ကြောင်းတွေ့ရှိခဲ့သဖြင့် တရားဝင်ကြောင်း ယခုလအစောပိုင်းတွင် အဆိုပါဥပဒေကို အတည်ပြုခဲ့သည်။

TikTok က အဆိုပါဥပဒေသည် မမှန်ကန်သောစွပ်စွဲချက်များ၊ အခြေအမြစ်မရှိသောတွေးခေါ်မှုဆိုင်ရာအချက်အလက်များအပေါ်အခြေခံ၍ ဥပဒေကိုရေးဆွဲခြင်းဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့ပါသည်။

American Civil Liberties Union – ACLU၊ Electronic Frontier Foundation – EFF တို့ပါဝင်သော ညွန့်ပေါင်းအဖွဲ့နှင့် Columbia University ရှိ Knight First Amendment Institute တို့သည် ဥပဒေအာဏာသက်ဝင်မှုကို ပိတ်ပင်မှုပြုလုပ်ရန် တရားရုံးချုပ်သို့တင်ပြခဲ့ပါသည်။

ACLU ၏ အမျိုးသားလုံခြုံရေးစီမံကိန်းမှ Patrick Toomey က အဆိုပါဥပဒေအား ကြီးမားသည့်/ ကျယ်ပြန့်သည့်ဆင်ဆာဖြတ်ခြင်းဟုခေါ်ဆိုပြီး အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အဆိုပါ ဆင်ဆာဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ကြီးမားသောအဟန့်အတားတစ်ခုဖြစ်စေကြောင်း ပြောကြားခဲ့ပါသည်။

သေချာရေရာမှုမရှိသောအနာဂတ်အတွက် ခန့်မှန်းပြောကြားမှုများကို အစိုးရမှကန့်သတ်ထား ခြင်းမပြုနိုင်ကြောင်း EFF မှ civil liberties ညွှန်ကြားရေးမှူး David Greene က ပြောကြားခဲ့သည်။

Northeastern University မှ မီဒီယာဆန်းသစ်တီထွင်မှုနှင့်နည်းပညာဆိုင်ရာ တွဲဖက် ပါမောက္ခ John Wihbey က ပြည်ပတွင်လည်ပတ်ဆောင်ရွက်နေသော အမေရိကန်ကုမ္ပဏီများ အတွက် ဆိုးကျိုးများဖြစ်ပေါ်နိုင်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာခက်ခဲမှုဖြစ်စေနိုင်ကြောင်း သတိပေး ပြောကြားခဲ့ပါသည်။

၎င်းက ဆင့်ကဲအကျိုးဆက်များဖြစ်ပေါ်လာနိုင်ကြောင်း၊ ကမ္ဘာတစ်ဝန်းအစဉ်အလာစံနှုန်း တစ်ခုကဲ့သို့ဖြစ်လာမည်ကိုစိုးရိမ်ကြောင်း ဆက်လက်ပြောကြားခဲ့ပါသည်။

ထိုဥပဒေသည် သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲမတိုင်မီ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့၌ အသက်ဝင်မည်ဖြစ်ပါသည်။ ရွေးကောက်ခံသမ္မတ Donald Trump သည် ၎င်း၏ ၂၀၂၀ ခုနှစ် ပထမသမ္မတသက်တမ်းကာလ တွင် TikTok ကို ပိတ်ပင်ရန်ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှု မရှိခဲ့ပေ။ ၎င်းသည် မဲဆွယ်စည်းရုံးစဉ်အတွင်း TikTok ကို ကာကွယ်ရန်ကတိပြုခြင်းဖြင့် ၎င်း၏ ရပ်တည်ချက်ကိုပြောင်းလဲခဲ့ပါသည်။

TikTok အား တားမြစ်ပိတ်ပင်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံးချုပ်သည် TikTok၊ အစိုးရရှေ့နေ များနှင့် ယင်း app အသုံးပြုသူများ၏ကိုယ်စားလှယ်များထံမှ လျှောက်လဲချက်များကို ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကြားနာမည်ဖြစ်ပါသည်။

တရားရုံး၏အမှုကို လျင်မြန်စွာလက်ခံဆောင်ရွက်ခြင်းသည် အမှု၏အရေးပါမှုကို အသိအမှတ် ပြုကြောင်း အချက်ပြခြင်းပင်ဖြစ်သည်။ အမြင့်ဆုံးတရားရုံးသို့ ရောက်ရှိသည့်အမှုကိစ္စရပ်တစ်ခုတွင်

တရားရုံးချုပ်သည် အဓိကအားဖြင့် အရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာများ သို့မဟုတ် နိုင်ငံတစ်ခုလုံးကို ထိခိုက်နိုင်ခြေရှိသည့်ကိစ္စများကို စိစစ်ဆောင်ရွက်ရကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://global.chinadaily.com.cn/a/202412/20/WS6764ccb9a310f1265a1d4000.html

## အီရန်နိုင်ငံတွင် အမျိုးသမီးများအား ကွပ်မျက်မှုသည် ၁၇နှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားခြင်း

အီရန်နိုင်ငံအတွင်း ၂၀၂၄ ခုနှစ်တွင် အစ္စလာမ်ဥပဒေအရအနည်းဆုံး အမျိုးသမီး ၃၁ ဦး ကွပ်မျက်ခံခဲ့ရမှုသည် ၁၇ ခုနှစ်အတွင်း နှစ်စဉ်ကွပ်မျက်ခံရမှုနှုန်း အမြင့်ဆုံးဖြစ်ကြောင်း အီရန် လူ့အခွင့်အရေးအဖွဲ့က ထုတ်ပြန်ထားပါသည်။ အမျိုးသမီးအကျဉ်းကျသူများအား ထိခိုက်စေသည့်မျှတမှု မရှိသောကွပ်မျက်မှုများကြောင့် စိုးရိမ်ပူပန်မှုများ၊ တုန်လှုပ်ဖွယ်ရာများ မြင့်တက်လာနိုင်ကြောင်း ဖော်ပြချက်အရ သိရှိရပါသည်။

ခန့်မှန်းခြေအမျိုးသမီးအကျဉ်းသား ၇၀ ရာခိုင်နှုန်းခန့်သည် ကလေးသူငယ်များ၊ လက်ထပ်ထိမ်းမြားမှုများအပါအဝင် အိမ်ထောင်ရေးအကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များကြောင့် ၎င်းတို့၏လက်တွဲဖော် အမျိုးသားများအားသတ်ဖြတ်ခဲ့သည်ဟု ဖော်ပြထားပါသည်။ သို့သော်လည်း Sharia Law အရ အိမ်ထောင်ဖက်၏နှိပ်စက်ညှဉ်းပမ်းမှုနှင့် မုဒိမ်းပြုကျင့်မှုကဲ့သို့သော အခြေအနေများတွင် အီရန် တရားစီရင်ရေးသည် သက်သာလျှော့ပေါ့ရန် အသိအမှတ်မပြုကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် အီရန်၏ပြစ်ဒဏ်ခတ်မှုဆိုင်ရာတရားစီရင်ရေး (retributive justice)သည် ကျူးလွန်ခံရသူ၏ မိသားစုအား သေဒဏ်ပေးခြင်း၊ ခွင့်လွှတ်ပေးခြင်း သို့မဟုတ် လျော်ကြေးငွေတို့ကိုတောင်းဆိုရန် ခွင့်ပြုထားပါသည်။ ထိုသဘောတရားသည် အမျိုးသမီးကွပ်မျက်မှုများ အရှိန်အဟုန်မြင့်တက်စေရန် ပံ့ပိုးပေးခဲ့ပါသည်။

အီရန်၏မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဥပဒေသည် အမျိုးသမီးများအပေါ် ကြီးလေးသော ပြစ်ဒဏ်ပေးခြင်းကြောင့် မမျှတသောအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ပြုပြင်ပြောင်းလဲမှုတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်သေဒဏ်ပေးမှုများကို ကနဦးတွင် လျှော့ချခဲ့သော်လည်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်သေဒဏ်ပေးမှုများသည် ပြီးခဲ့သည့် ကိုးနှစ်အတွင်း စံချိန်တင် မြင့်မားလာခဲ့ပါသည်။ အမျိုးသမီးအများအပြားသည် ရာဇဝတ်မှုကျူးလွန်ရန် မရည်ရွယ်ဘဲ

အတင်းအကြပ်လုပ်ဆောင်ခံရခြင်း သို့မဟုတ် သူတို့ကိုယ်တိုင်မသိဘဲပါဝင်နေခြင်းဖြင့်ကြီးလေးသော ပြစ်ဒဏ်နှင့်ရင်ဆိုင်နေရကြောင်း အဆိုပါအဖွဲ့မှ အခိုင်အမာ ပြောကြားခဲ့ပါသည်။

အီရန်တရားစီရင်ရေးစနစ်၏ပွင့်လင်းမြင်သာမှုမရှိခြင်းသည် ကျား မ မညီမျှမှုများကို ပိုမိုဆိုးရွားစေပါသည်။အမျိုးသမီးများပါဝင်သည့်ကွပ်မျက်မှု ၂၆ ရာခိုင်နှုန်းသာ လူသိရှင်ကြားထုတ်ဖော်ခဲ့ပြီး အဆိုပါနှုန်းသည် ၂၀၂၁ ခုနှစ်မှစပြီး ပျမ်းမျှ ၁၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း တရားဝင်အချက်အလက်များက ဖော်ပြထားပါသည်။

အီရန်နိုင်ငံ၏ကြီးလေးသောပြစ်ဒဏ်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခြင်းသည် နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Civil and Political Rights -ICCPR) ၏ အပိုဒ် ၆(၂) အပြင်းထန်ဆုံးသော ရာဇဝတ်မှုများအတွက် သေဒဏ်ပြစ်ဒဏ်ကိုချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းချက်ကို ချိုးဖောက်ကြောင်း ဖော်ပြထားပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး Volker Turk က သေဒဏ်ကို ဆိုင်းငံ့ထားရန် အီရန်အာဏာပိုင်များကိုတိုက်တွန်းခဲ့ပါသည်။ ကုလသမဂ္ဂကျွမ်းကျင်သူအများအပြားကလည်း တရားမျှတသောတရားစီရင်မှုနှင့် လုပ်ငန်းစဉ်ဆိုင်ရာအခွင့်အရေးများပြင်းထန်စွာ ချိုးဖောက်မှုများအပေါ် စိုးရိမ်ကြောင်းနှင့် အဆိုပါကျင့်သုံးမှုကိုအဆုံးသတ်ရန် ဖော်ပြခဲ့ကြကြောင်း သိရှိရပါသည်။

မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်
လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/01/executions-of-women-in-iran-hit-highest-level-in-17-years-report/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၂) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

